## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၃-၂-၂၀၂၃ မှ ၁၇-၂-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၁၈၇၁၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၁၀၁၀၀၀ နှင့် ပဲစဉ်းငုံ Red/RC (2022 Crop) ကျပ် ၂၀၆၇၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC (2022 Crop) ကျပ် ၁၄၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၁၉၀၀၀ နှင့် ပဲစဉ်းငုံ Red/RC (2022 Crop) ကျပ် ၆၅၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၂၅ လုံး (တန် ၆၀၀) နှင့် ပဲစဉ်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၄၅ လုံး (တန် ၁၀၈၀) စုစုပေါင်း ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၅၅ လုံး (တန် ၁၃၂၀)၊ မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၅ လုံး (တန် ၁၂၀)နှင့် ပဲစဉ်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၄၀ လုံး (တန် ၉၆၀) စုစုပေါင်း ကွန်တိန်နာ ၁၀၀ လုံး (တန်ချိန် ၁၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ်(သစ်) ကျပ် ၁၉၀၀၊ မန်ကျည်းအသား(သစ်) ကျပ် ၃၀၀၀နှင့် ရမည်းသင်း ဒါးဇင်း(သစ်) ကျပ် ၁၈၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းပွင့်ကပ်(သစ်) ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား (တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၂၉၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်းရော) ကျပ် ၂၈၀၀၊ ပခုက္ကူကြမ်း ကျပ် ၃၂၅၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၃၇၅၀၊ ကြံသကာ(စစ်) ကျပ် ၂၆၀၀နှင့် သကြား(ပြည်တွင်း) ကျပ် ၂၉၆၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြံသကာမှာ ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

**SSMaw (Domestic (Ygn) MITC**